ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (15-6-2011) (၆၇၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ e-Government လုပ်ငန်းစဉ်များအရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်စဉ် နှင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထွန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

Good Governance ဖြစ်ရန် လုပ်ငန်းအဆင့်တိုင်းတွင် တာဝန်ရှိကြသူအသီးသီးအနေဖြင့် ပြည်သူများအပေါ် ဥပဒေနှင့်အညီ စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်ခြင်းသည် အဓိကကျ

e- Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၁၄

ခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက်နည်းပညာကိုအသုံးပြုပြီး e-Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ရန်၊ အခက်အခဲကျော်လွှားနိုင်မည့်နည်းလမ်းများကို အဖြေရှာနိုင်ရန် ယနေ့ ဤနေရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံကြခြင်းဖြစ်ကြောင်း၊ Good Governance ဖြစ်ရန် လုပ်ငန်းတာဝန်အဆင့်တိုင်းတွင် တာဝန်ရှိကြသူ အသီးသီးအနေဖြင့် ပြည်သူများအပေါ် ဥပဒေနှင့်အညီ စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်သွားခြင်းသည် အဓိကကျကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့်လည်း e-Government စနစ် အရှိန်အဟုန်မြှင့်တင်ရေးကို အပြန်အလှန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာ၌ Online System ကို အသုံးပြုသည့် e-Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားခြင်းဖြင့် အဓိကအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန် မြှင့်တင်ရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့✤

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ လျှပ်စစ်စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ရှိပြီး စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးပါဝင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ ယင်းလျှပ်စစ်စီမံကိန်းမှ စက်အမှတ်(၄)ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် လည်းကောင်း၊ စက်အမှတ်(၃)ကို ၂၀၁၁ ခုနှစ် မတ် ၂၀ ရက်တွင် လည်းကောင်း၊ စက်အမှတ်(၂)ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း တပ်ဆင်ပြီးစီး၍ စက်သုံးလုံးမှ လျှပ်စစ်ဓာတ်အား ၅၆ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်ပေးနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့✻

၁၅ - ၆ - ၂၀၁၁
(ဗုဒ္ဓဟူးနေ့)

တည်ငြိမ်အေးချမ်းဖွံ့ဖြိုးအောင် ထိန်းသိမ်းဖော်ဆောင်

တည်ငြိမ်အေးချမ်းမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်နေမည်။ ထို့အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းရေးကို အလေးထားသည်။ ပြည်သူတစ်ဦးချင်းတိုးတက်မှုရှိမှသာ နိုင်ငံတိုးတက်ခြင်းဖြစ်သည်ဟူသည့် ခံယူချက်ရှိသည်။ နိုင်ငံသားအားလုံး၏ အနာဂတ်တောက်ပအောင် အစီအမံများ ချမှတ်ဆောင်ရွက်နေပြီ။ အထူးသဖြင့် နိုင်ငံလူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဇွန် ၁၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့သို့ သွားရောက်၍ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။

ဒုတိယသမ္မတက ခရီးစဉ်အတွင်း ကော့မှူးနှင့်ကွမ်းခြံကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် **"နိုင်ငံတော် ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန်လိုကြောင်း"** မှာကြားသည်။

ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် နေထိုင်ကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေ ပြည်သူများဖြစ်ကြသည်။ ဆန်စပါးကို အဓိကထားစိုက်ပျိုးနေကြသည့် တောင်သူလယ်သမားများဖြစ်သည်။ အဆိုပါဒေသများတွင် လွန်ခဲ့သောသုံးနှစ်ခန့်က အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများမှာ နိုင်ငံတော်အစိုးရနှင့် စေတနာအလှူရှင်များ၏ စုပေါင်းပြုပြင်ကူညီမှုဖြင့် အခြေအနေကောင်းများရရှိနေကြပြီ။ Cyclone Shelter များနှင့် အရေးပေါ်စားရေရိက္ခာသိုလှောင်ရုံများ တည်ဆောက်ပြီး ရိက္ခာများ စုဆောင်းသိုလှောင်ထားနိုင်ပြီဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရသည့်တာဝန်သည် ထုထည်ပမာဏ ကြီးမားလှသည်။ နိုင်ငံတော်အစိုးရတစ်ရပ်တည်း တည်ဆောက်၍မရဘဲ ပြည်သူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းအားထုတ် ကြိုးပမ်းကြရန်လိုသည်။ ထို့အတူ နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူအပေါ် စေတနာထား၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်၊ ပြည်သူကို အလုပ်အကျွေးပြုကြရန် တာဝန်ရှိသည်။ သို့ရာတွင် ဒေသစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မိမိတာဝန်ကျော်လွန်လိုသည့်ဆန္ဒလွန်ကဲမှု၊ စေတနာလွန်ကဲမှုတို့ကြောင့် အမှားများမဖြစ်ပေါ်စေရန် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် ခေတ်သစ် စနစ်သစ် နိုင်ငံတော်သစ်ကို အင်နှင့်အားနှင့် အရှိန်အဟုန်ဖြင့် တည်ဆောက်နေကြပြီ။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဝိုင်းဝန်းတည်ဆောက်ရင်း ရရှိဖြစ်ထွန်းနေသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။



သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၃)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်း အမှတ်(၁၁၄/၂)နေ ဦးအေးနှင့် မိသားစုက ကွယ်လွန်သူ ဒေါ်သန်းမြင့်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

သန့်ရှင်းလတ်ဆတ်စွာရောင်းချနေမှု စစ်ဆေး

သံဖြူဇရပ် ဇွန် ၁၄

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၁) ဈေးအတွင်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော ဝက်သားများရောင်းချနေမှုကို ဦးစီးအရာရှိ ဦးထွန်းရှိန်နှင့် ဈေးတာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။
(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တန့်ဆည်မြို့နယ် တနယ်ကွင်း၌ နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ စစ်ဆေး စိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှု

နေပြည်တော် ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရေဦးမြို့နယ် ငရုပ်တုံကျေးရွာအနီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးပြီး ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကုံကော်ဆောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များ ပေးအပ်သည်။

ယင်းနောက် တန့်ဆည်မြို့နယ် တနယ်ကွင်း အမှတ်(၁၁၂၂)၌ တောင်သူ ဦးညိုအိ စိုက်ပျိုးထားသော နွေစပါး IR-747 စပါးမျိုး ၂ ဒသမ ၀၉ ဧက၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တန့်ဆည်မြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကာ သစ်ပင်များ စိုက်ပျိုးပေးသည်။

ဆက်လက်၍ တန့်ဆည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးသိုလှောင်ခန်းနှင့် ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးခဲ့ပြီး မွန်းလွဲပိုင်းတွင် တန့်ဆည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများ၊ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေဦး-မူးဘောင်လမ်းတစ်လျှောက် ရေပိုလွှဲများ၊ မြောင်းလက်တံများဖြင့် စိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒီပဲယင်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ပစ္စည်းများ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

တောင်ငူမြို့ သတင်းထောက် ဦးကျော်လှနှင့် ဇနီး ဒေါ်ဒေဝကီးဒေဝီ (သမာဓိ)တို့၏ လက်ထပ်မင်္ဂလာ(၅၆)နှစ်ပြည့် အထိမ်းအမှတ် ကုသိုလ်ဒါနအဖြစ် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေဗျိုင်းဖြူဘုရားလမ်းရှိ ဘုရားမုခ်ဦးအတွက် အလှူငွေကျပ် တစ်သိန်းနှင့် မူလတန်းအဆင့်ကလေးများ၏ ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်သုံးသိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမာနူး (နံ့သာဖြူဟိုတယ်)ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၄၇၂)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၅၅၄	၀. ၀၃၂၈၃
တရုတ် (ယွမ်)	၆. ၄၈၀၆၅	၀. ၁၅၄၃၁
အိန္ဒိယ (ရူပီး)	၄၄. ၇၄၆၂	၀. ၀၂၂၃၅
မလေးရှား (ရင်းဂစ်)	၃. ၀၃၃၀၀	၀. ၃၂၉၇၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၂၁၀	၀. ၈၁၁၆၂
ဂျပန် (ယန်း)	၈၀. ၄၁၁၁	၀. ၀၁၂၄၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၂. ၇၂	၀. ၀၀၀၉၂
ယူရို	၀. ၆၉၁၇၀	၁. ၄၄၅၇၂
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၃၉	၁. ၆၄၀၉၈

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၁၀ ၁။ နိုင်ငံတော်သီချင်း
၄း၁၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ လျှပ်တစ်ပြက်
၄း၄၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၇။ ရွှေးဟောင်းသုတ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၃၀)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၂)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -မယားနပန်း (သူရလင်း၊ ဝင်းနိုင်၊ ဧရာနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၂၃)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ရေကူးအသံလွှင့်စက်ရုံအား ပုံမှန်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး အသေးစိတ်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်းရှိ လှိုင်းလတ် (Medium Wave) နှင့် လှိုင်းတို (Short Wave) စက်များဖြင့် ရေဒီယိုအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွင်း ထပ်မံတပ်ဆင်မည့် စက်ပစ္စည်းများ စနစ်တကျ နေရာချထားတပ်ဆင်အသံလွှင့်နိုင်ရန်အတွက် Master Plan ရေးဆွဲထားရှိရန်၊ ခြောက်လတစ်ကြိမ် စက်ပစ္စည်းများ ပုံမှန်စစ်ဆေးပြုပြင် ကြံခိုင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး အသေးစိတ်စစ်ဆေးပြုပြင် ထိန်းသိမ်းရေးဆောင်ရွက်ရန်၊ စက်ရုံလုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်လက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ စက်ရုံဝင်းအုတ်တံတိုင်းနှင့် သွပ်ဆူးကြိုးများကို စစ်ဆေးပြီး လိုအပ်ချက်များကို ပြုပြင်ရန်နှင့် စက်ရုံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေထုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်နှင့် စစ်တွေမြို့ မီးလင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၄

ရခိုင်ပြည်နယ်နှင့် စစ်တွေမြို့ မီးလင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဖိုးသီးချို့နှင့် တော်ဝင်ထူးလင်း ကုမ္ပဏီတာဝန်ခံများ၊ မီးလင်းရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများက ရခိုင်ပြည်နယ်နှင့် စစ်တွေမြို့ မီးလင်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး ဖိုးသီးချိုကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည့် 500-KVA မီးစက်အသစ်နှစ်လုံး တပ်ဆင်ထားရှိမှုကို လည်းကောင်း၊ စစ်တွေမြို့ပေါ် ရပ်ကွက်များ၌ ထရန်စဖော်မာများ တပ်ဆင်ထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၄

မကွေးတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ တိုင်းအရန်တပ်ခွဲရုံး၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်က အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က "Effective Company Stewardship-Enhancing Corporate reporting and audit"ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "အသိတစ်လုံးအပြုံးကိုယ်စီ" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိ)
၆:၄၀ ပုခန်းကြီးရှေ့ဟောင်း ကျောင်းတော်ကြီး
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၅)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၃)**
၈:၄၅ ကြည်ညိုစွာဖူးမြော်ဆုတောင်းပြည့် သဗ္ဗဇယအောင်စေတီတော်
၉:၁၅ လျှပ်စစ်လှိုင်းများဖြတ်သန်းစီးဆင်းစေရာ "လှိုင်မြစ်ကျော်တာဝါ တည်ဆောက်ခြင်း"
၉:၃၀ အားကစားမြင်ကွင်းစုံ
၁၀:၀၅ Activities In The City
၁၀:၂၅ ဓာတ်ပုံထဲမှအမှတ်တရများ
၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁:၁၀ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ်
၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ်
၁:၀၀ "အသိတစ်လုံးအပြုံးကိုယ်စီ" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း
၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၅)**
၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၉၃)**
၅:၀၀ နည်းပညာမျှဝေလို့ သစ်မွှေးထုတ်လုပ်စို့
၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၅ "ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ. . .
၆:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၆)**
၇:၂၀ Cartoon Show Time
၈:၀၀ MRTV-4 သတင်း
၈:၃၀ သင်ကြားရေးလမ်းညွှန်
၈:၄၅ ရန်ကုန်မြို့မိုးညှင်းဝိပဿနာ တိုက်သစ်မေ့ဒိန္နာအမျိုးသမီး ယောဂီလေးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ
၉:၀၅ Celebrity Style
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၉၄)**
၁၀:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၀:၅၅ Industrial Talk
၁၁:၃၀ World of Knowledge
၁၂:၂၀ ကျောက်ကပ်နှင့်ကျောက်ကပ်ရောင် ရောဂါအကြောင်း
၁၂:၃၅ နုယဉ်ဆန်းထွင်သစ်သီးအလှဆင်
၁:၀၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
၁:၁၀ နတ်လူသာဓုခေါ် စေသော်ဝ်
၁:၃၀ မြန်မာ့ရိုးရာလက်ရာပန်းတဉ်းပညာ
၂:၀၀ တူးမြောင်းများစနစ်တကျပြုပြင် ထိန်းသိမ်းခြင်း
၂:၁၀ ရောင်စုံရသနီယွန်ည
၂:၄၅ Music Talk
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅ ပရအကျိုးတို့သယ်ပိုးစို့
၄:၁၀ အလှဆင်စရာပရိဘောဂကမ္ဘာ
၄:၂၅ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၏တစ်သက်စာဝိပဿနာ
၄:၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

မြို့သစ် ဇွန် ၁၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဒုတိယအကြိမ်အဖြစ် ဇွန် ၁၁ ရက် (စနေနေ့) နံနက်ပိုင်းက ကွက်သစ်ကျောင်းဝင်းအတွင်း ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဦးတို့က (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး၍ ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ဖခင်ကြီး ဦးသန်းဖေအား ရည်စူး၍ တွံတေးမြို့ ကျုံးကြီးရပ်ကွက် အမှတ်(၈) (၃)လမ်းနေ ကျန်ရစ်သူမိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာအာဟာရ ကျွေးမွေးလှူဒါန်းပြီး ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို ဘိုးဘွားရိပ်သာ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၃၄၂)

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသို့ အလှူငွေများ လာရောက်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း အမှတ်(၃၇/G)ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရုံးချုပ်)၌ ကျင်းပမည့် ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စတုတ္ထအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ၊အင်္ဂလိပ်)ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ရန် ယနေ့နံနက်ပိုင်းတွင် တောင်ကိုးလုံးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်သက်မိသားစုက အလှူငွေကျပ် ၄၂၀၀၀၀ ကို လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ လှူဒါန်းလိုသော စေတနာရှင်များသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်) ဖုန်း-၅၀၂၈၉၃ နှင့် ၅၃၂၂၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အနာဂတ်ကာလအလုပ်အကိုင်များကို တရုတ်နှင့် အိန္ဒိယတို့အုပ်စိုးသွားမည်ဟု အမေရိကန်သမ္မတပြောဆို

ဝါရှင်တန် ဇွန် ၁၄

အမေရိကန်နိုင်ငံသားများအနေဖြင့် သိပ္ပံပညာ၊ သင်္ချာနှင့် နည်းပညာရပ်များကို ပိုမိုအာရုံစိုက်ကြရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တောင်းဆိုလိုက်ပြီး အဆိုပါ ဘာသာရပ်များတွင် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသော တရုတ်နှင့် အိန္ဒိယကျောင်းသားများက အနာဂတ်ကာလ အလုပ်အကိုင်နေရာများကို အုပ်စိုးသွားမည်ဟုလည်း ၎င်းက ပြောကြားခဲ့ကြောင်း ဇွန် ၁၄ ရက် သတင်းများတွင် ဖော်ပြသည်။

- အခက်ကြုံနေ -

အမေရိကန် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ သိပ္ပံနှင့် နည်းပညာရပ်နယ်ပယ်များအတွက် သင့်တော်မှန်ကန်သူများ ရှာဖွေရာတွင် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း မြောက်ကာရိုလိုင်းနားပြည်နယ် ဒါဟမ်မြို့သို့ သွားရောက်စဉ် သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

- ဆန့်ကျင်လျက်ရှိ -

အမေရိကန်နိုင်ငံ၏ မည်သည့်အလုပ်အကိုင် အခွင့်အလမ်း တစ်နေရာအတွက်မဆို လေးဦးထက်ပိုမိုသော အလုပ်အကိုင်ရှာဖွေသူများရှိနေသော်လည်း သိပ္ပံပညာနှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ အခွင့်အလမ်းများမှာ ယင်းအခြေအနေနှင့် ဆန့်ကျင်လျက်ရှိသည်ဟုလည်းဆိုသည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်များက ၎င်းတို့၏အလုပ်ခွင်၌ အဆင့်မြင့်ကျွမ်းကျင်အလုပ်သမားများ ရရှိရေးအတွက် အခက်ကြုံနေရကြောင်း သမ္မတအိုဘားမားကို ပြောကြားခဲ့သည်ဟုဆိုသည်။

အင်တာနက်။

စစ်ရေးအသုံးစရိတ်ဖြတ်တောက်ခံထားရသောဗြိတိန်တပ်မတော် ဖောက်ကလန်ကျွန်းစုကို ကာကွယ်နိုင်စွမ်းမရှိဟုဆို

လန်ဒန် ဇွန် ၁၄

စစ်ရေးအသုံးစရိတ်ဖြတ်တောက်ထားခြင်းကြောင့် ဖောက်ကလန်ကျွန်းစုကို အာဂျင်တီးနားက တစ်ဖန်ပြန်လည် တိုက်ခိုက်လာပါက ကာကွယ်ရန် ခက်ခဲမည်ဖြစ်ကြောင်း ဗြိတိန်ရေတပ် တပ်မှူးစနန်ဒီဝုဒ်ဝပ်ဒ်က အင်္ဂါနေ့တွင် ပြောကြားသည်။

လက်ရှိအခြေအနေအရ ဗြိတိန်ဘုရင့်တပ်မတော်သည် အင်္ဂလိပ်ရေလက်ကြားအလွန်ရှိ ပိုင်နက်နယ်မြေများကို အကာအကွယ်ပေးရန် အခက်အခဲကြီးစွာရှိကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဝုဒ်ဝပ်ဒ်က ဒေးလီးမေးလ် သတင်းစာ၌ ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်ရေတပ်၌ လေယာဉ်တင်သင်္ဘောမထားရှိနိုင်တော့ခြင်းနှင့် ဗြိတိန်၏ အချုပ်အခြာပိုင်မှုကို အမေရိကန်ပြည်ထောင်စုက ထောက်ခံမှုကျဆင်းလာသည်တို့အား ဗိုလ်ချုပ်ကြီး ဝုဒ်ဝပ်ဒ်က ဝေဖန်ပြောကြားခဲ့သည်။

စစ်ပွဲဖြစ်ပွားခဲ့

လွန်ခဲ့သော ၂၉ နှစ်ခန့်ကာလ ၁၉၈၂ ခုနှစ်၌ ဖောက်ကလန်ကျွန်းစုပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အာဂျင်တီးနားနှင့် ဗြိတိန်နိုင်ငံတို့ ကာလတိုစစ်ပွဲတစ်ရပ်ဖြစ်ပွားခဲ့ရာ ဗြိတိန်တပ်ဖွဲ့များက အောင်နိုင်ခဲ့ပြီး ဖောက်ကလန်ကျွန်းစုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဖောက်ကလန်ကျွန်းစုနှင့်ပတ်သက်၍ စစ်ပွဲတစ်ရပ်ထပ်မံဖြစ်ပွားလာပါက ဗြိတိန်နိုင်ငံအနေဖြင့် လေယာဉ်တင် သင်္ဘောမသုံးဘဲ၊ အမေရိကန်နိုင်ငံ၏ အကူအညီမပါဘဲ လွန်ခဲ့သော ၂၉ နှစ်ကကဲ့သို့ စစ်ပွဲကို အနိုင်တိုက်နိုင်ရန် မျှော်လင့်ချက်မရှိကြောင်း ဗိုလ်ချုပ်ကြီး စန်ဒီဝုဒ်ဝပ်ဒ်က ပြောကြားခဲ့သည်။

ဖောက်ကလန်ကျွန်းစုကို ၁၈၃၃ ခုနှစ်ကတည်းကပင် ဗြိတိန်တပ်ဖွဲ့များ သိမ်းပိုက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ယင်းကျွန်းစုနှင့်ပတ်သက်၍ အာဂျင်တီးနားနှင့်ဖြစ်ပွားခဲ့သော စစ်ပွဲသည် ဗြိတိန်နိုင်ငံအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံး စစ်ရေးအောင်မြင်မှုတစ်ရပ်ဖြစ်လာခဲ့သည်။

အေအက်ဖ်ပီ။

ဖောက်ကလန်ကျွန်းစုတစ်နေရာ၌ အမြောက်ပစ်စတ်မှု လေ့ကျင့်နေသော ဗြိတိန်တပ်ဖွဲ့ဝင်များ။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေများမှ ဒေါ်လာ ခြောက်ဘီလီယံကျော် ပျောက်ရှခဲ့

ဝါရှင်တန် ဇွန် ၁၄

စစ်ဒဏ်ခံ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေအတွက် အမေရိကန်သမ္မတ ဂျော့ဂ်ျဘုရှ်လက်ထက်တွင် လေကြောင်းဖြင့် တင်ပို့ပေးခဲ့သော အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာအနက် ပျောက်ရှခဲ့ရသည့် ပမာဏအမှန်ကို အီရတ်နှင့် အမေရိကန်အစိုးရအဖွဲ့များက ရေတွက်နိုင်ခြင်းမရှိသေးကြောင်း ဇွန် ၁၃ ရက် သတင်းများတွင် ဖော်ပြသည်။

စစ်ဒဏ်ခံ အီရတ်နိုင်ငံ ပြန်လည်တည် ဆောက်ရေး ရန်ပုံငွေမှ ဒေါ်လာ ခြောက် ဘီလီယံကျော် ပျောက်ရှခဲ့ခြင်းသည် အမေရိကန်သမိုင်း၌ အကြီးအကျယ်ဆုံး ရန်ပုံငွေ ခိုးယူမှုအဖြစ် သတ်မှတ်နိုင်သည်။

ပေးပို့ခဲ့သော ရန်ပုံငွေနှင့် စာရင်းကွာဟလျက်ရှိသော ပမာဏမှာ ဒေါ်လာခြောက်ဘီလီယံကျော်ရှိပြီး ယင်းငွေများ ခိုးယူခံရကြောင်းသက်သေပြနိုင်ခဲ့လျှင် အမေရိကန်သမိုင်း၌ အကြီးကျယ်ဆုံး ရန်ပုံငွေခိုးဝှက်မှုအဖြစ် သတ်မှတ်နိုင်ကြောင်း လော့စ်အိန် ဂျလိစ်သတင်းစာတွင် ဖော်ပြထားသည်။

စီ-၁၃၀ ဟာကျုလီ ကုန်တင်လေယာဉ်တစ်စင်းသည် အမေရိကန်ဒေါ်လာ တစ်ရာတန်အုပ်များ စုစုပေါင်းတန်ဖိုး ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံအထိ သယ်ဆောင်နိုင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် တာဝန်ရှိသူများက သုံးသပ်ခဲ့ကြသည်။

ပင်တဂွန် တာဝန်ရှိသူများ၏ သုံးသပ်ချက်အရ ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကို အီရတ်နိုင်ငံသို့ လေကြောင်းခရီးစဉ် ၂၀ ကျော်ဖြင့် တင်ပို့ပေးခဲ့ကြောင်း တိုင်းမ်မဂ္ဂဇင်း၌ ဖော်ပြထားသည်။ အီရတ်ရန်ပုံငွေမှ ပျောက်ဆုံး ခဲ့သော ငွေကြေးပမာဏသည် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံမျှ ရှိရာ အမေရိကန်နိုင်ငံ၏သမိုင်း၌ အကြီးကျယ်ဆုံး ဘဏ္ဍာငွေ အလွဲသုံးစား လုပ်ဆောင်မှုတစ်ရပ် ဖြစ်လာဖွယ်ရှိကြောင်း အီရတ် နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ အထူးစစ်ဆေးရေးမှူးချုပ် စတူးဝပ်ဘိုဝင်က လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာသို့ ပြောကြားခဲ့သည်။

အီရတ်စစ်ပွဲရန်ပုံငွေများ အဟောသိကံဖြစ်ရခြင်း၊လိမ်လည် သုံးစွဲခြင်းနှင့် ရန်ပုံငွေများ ချပေးခြင်းနှင့် သုံးစွဲခြင်းတို့၌ အလွဲသုံးစားပြုမှုများဆိုင်ရာ သက်သေအထောက်အထားများကို အမေရိကန်အစိုးရတာဝန်ရှိသူများက ၂၀၀၅ ခုနှစ်တွင် တွေ့ရှိခဲ့ရသည်။

အင်တာနက်။

နီပေါတွင် မြေမြှုပ်မိုင်းကင်းစင်ပြီ နိုင်ငံတကာ မိုင်းစာချုပ်လက်မှတ်ထိုးမည်

ဖူလ်ချိုကီး (နီပေါ) ဇွန် ၁၄

နီပေါနိုင်ငံတွင် မော်ဝါဒီသောင်းကျန်းသူများနှင့် ဆယ်နှစ်ကြာ ပြည်တွင်းစစ်ကို နိဂုံးချုပ်ပြီးနောက် ငါးနှစ်အကြာတွင် နိုင်ငံတွင်းနောက်ဆုံးကျန်ရှိနေသည့် မိုင်းကွင်းကို အင်္ဂါနေ့တွင် ရှင်းလင်းဖယ်ရှားပြီးခဲ့ပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဖူလ်ချိုကီးတောင်ထိပ်တွင် ကျင်းပသော အခမ်းအနား၌ ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖောက်ခွဲရေးပစ္စည်းများကို ဖောက်ခွဲ ဖျက်ဆီးလိုက်ခြင်းသည်၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးစာချုပ်မှ အဓိက အချက်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။

အဓိကစစ်ဘက်အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဆက်သွယ်ရေးတိုင်များ ပတ်ဝန်းကျင်တွင် နီပေါကြည်းတပ်က မိုင်းကွင်း ၅၃ ခုကို အရံအတားအဖြစ် ထားရှိခဲ့သည်။

မိုင်းဗုံးများကို ဖယ်ရှားရှင်းလင်းခြင်းသည် ငြိမ်းချမ်းရေး ခရီးစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း ဝန်ကြီးချုပ်က ပေါက်ကွဲမှုများ ငြိမ်သက်သွားပြီးနောက် ပြောကြားခဲ့သည်။ ကုလသမဂ္ဂအဆိုအရ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက် မိုင်းများ ပေါက်ကွဲသဖြင့် လူ ၇၈ ဦးသေဆုံးပြီး ၃၉၅ ဦးဒဏ်ရာရရှိခဲ့ရာ အများစုမှာ ကလေးများဖြစ်ကြသည်။

မိုင်းကင်းရှင်းသော နိုင်ငံအဖြစ် ကြေညာခဲ့သည့်နိုင်ငံများတွင် တရုတ်နိုင်ငံပြီးလျှင် နီပေါက ဒုတိယမြောက်နိုင်ငံဖြစ်သည်။ မြေမြှုပ်မိုင်းဗုံးများ သုံးစွဲခြင်းကို တားဆီးပိတ်ပင်သော နိုင်ငံတကာ အော်တာဝါစာချုပ်ကို မကြာမီလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း နီပေါဝန်ကြီးချုပ်က ကြေညာခဲ့သည်။ **အေအက်ဖ်ပီ။**

ဘာလီကျွန်းဗုံးခွဲတိုက်ခိုက်ခံခဲ့ရမှု မသင်္ကာသူတစ်ဦးကို ဖမ်းဆီးရမိ

ဂျကာတာ ဇွန် ၁၄

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားအဖြစ် မသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့က ဇွန် ၁၄ ရက်တွင် ဖမ်းဆီးလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ပီခါလွန်ဂန်မြို့၌ အကြမ်းဖက်သမားအဖြစ် မသင်္ကာသူ ဟာရူကွန်ကိုရိုကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း အမျိုးသားရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရဲမှူးချုပ် အင်တန်ဘာချရူအလမ်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များအား ဆိုင်ယင်နိုက်အဆိပ်ခတ်ရန် ကြံစည်သည်ဟု မသင်္ကာသူ ၁၆ ဦးကို မကြာသေးမီရက်များက ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့အနက် ကွန်ကိုရိုလည်းပါဝင်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်ခြင်းမရှိစေရေးအတွက် ကြိုးပမ်းအားထုတ်နေသော ရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက ပစ်မှတ်ထားလာနေကြောင်း ၎င်းက ပြောကြားသည်။

ကွန်ကိုရိုသည် ဘာလီကျွန်းအကြမ်းဖက်တိုက်ခိုက်မှုတွင် အကြမ်းဖက်သမားများအတွက် အီလက်ထရွန်းနစ်ကိရိယာ ဝယ်ယူရာ၌ အကူအညီပေးခဲ့သူဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများတည်ရှိရာ ဘာလီကျွန်း၌ ၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် ၂၀၂ ဦးသေဆုံးခဲ့ရသည်။

အင်တာနက်။

နယူးဇီလန်နိုင်ငံ ဒုတိယအကြီးဆုံးမြို့၌ မြေငလျင်များထပ်မံလှုပ်ပြန်

ဝယ်လင်တန် ဇွန် ၁၄

နယူးဇီလန်နိုင်ငံရှိ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ခရစ္စချတ်ချ်မြို့၌ ဇွန် ၁၃ရက်က အင်အား ၆ဒသမ ၃ရှိ မြေငလျင်လှုပ်ခဲ့ပြီး နောက်တစ်နေ့တွင် အင်အား ၄ ဒသမ ၈ ရှိ နောက်ဆက်တွဲ မြေငလျင်များ ထပ်မံလှုပ်ခဲ့ရာ ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ကြရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြေငလျင်လှုပ်မှု ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပြည်သူများ နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားသည်။

ခရစ္စချတ်ချ်မြို့တည်ရှိရာ ကန်တာဘူရီလွင်ပြင်ဒေသ၌ ဇွန် ၁၄ ရက်မွန်းလွဲပိုင်းက အင်အား ၄ ဒသမ ၈ ရှိ မြေငလျင်လှုပ်ခဲ့သည်။ မီသာဗန်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၄၀ ကွာဝေးသောနေရာ၏ မြေအောက် ၅ကီလိုမီတာအကွာတွင် ဗဟိုပြုကာ မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။ မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှု သတင်းများ မရရှိသေးပေ။

ဇွန် ၁၄ ရက်မှာပင် နောက်ဆက်တွဲမြေငလျင် ၁၀ ကြိမ် လှုပ်ခဲ့သည်။ ခရစ္စချတ်ချ်မြို့၌ ဇွန် ၁၃ရက်က အင်အား ၅ ဒသမ ၆ နှင့် အင်အား ၆ ဒသမ ၃ ရှိ မြေငလျင်များ လှုပ်ခဲ့သည်။ ဇွန် ၁၃ရက်က လှုပ်သည့် မြေငလျင်ကြောင့် လူတစ်ဦး သေဆုံးခဲ့ပြီး ၄၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ရိုက်တာ။

နယူးဇီလန်နိုင်ငံ ခရစ္စချတ်ချ်မြို့၌ မြေငလျင်လှုပ်မှုကြောင့် မြေအောက်သို့ ကျွံဝင်သွားသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား NOBEL Gold Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား NOBEL Gold Ltd. ဥက္ကဋ္ဌ Grigory Gurevich နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သတ္တုများ တူးဖော်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား NOBEL Gold Ltd. ဥက္ကဋ္ဌ Grigory Gurevich နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဇွန် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Daewoo International ကော်ပိုရေးရှင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ရေး အပါအဝင် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် (၁၁)ကြိမ်မြောက် ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကို မေ ၂၁ ရက်တွင် အမှတ် (၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်း မြို့နယ် ရန်ကုန်မြို့ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းတာဝန်ခံ ဦးသိန်းတန်က သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများကိုယ်စား ကပ္ပတိန်အောင်တင်ဝင်းက အမှာစကားပြောကြားကာ အသင်းအတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် အဓိက လမ်းဆုံနေရာများတွင် ကွန်ကရစ်ရေမြောင်းများ ဆောင်ရွက်နေမှုကို မေ ၂၇ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ ဓမ္မပူဇာတေး
- ၈း၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၂၀ ၈။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
- ၈း၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးဖျော်ဖြေ တင်ဆက်မှုအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၁၀ ၈။ "DOTS"
- ၅း၂၀ ၉။ အတီးပြိုင်ပွဲ
- ၅း၃၅ ၁၀။ "မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး"
- ၅း၄၅ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၄၀ ၁၅။ ရွှေရင်ခုန်သံ
- ၇း၁၀ ၁၆။ "အောင်ပွဲမှသည် အောင်ပွဲဆီသို့"
- ၇း၄၀ ၁၇။ အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၆၇)**
- ၂၃။ **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၉ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲ "အရွယ်သုံးပါးမိန်းမသား အလှဝေဖြာမေမြန်မာ"**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

လားရှိုး ဇွန် ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သစ်တောဦးစီးဌာန၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး သစ်ပင်ချစ်သူများ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ သစ်တောဦးစီးဌာန အဆင့်မြင့်ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သစ်တောဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးအရာရှိများနှင့် သစ်တောဝန်ထမ်းများ၊ လားရှိုးမြို့နယ်အတွင်းရှိ သစ်စက်၊ သစ်ဆိုင်နှင့် ပရိဘောဂ လုပ်ငန်းများ လုပ်ကိုင်ကြသော သစ်ပင်ချစ်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာနနှင့်အတူ အပတ်စဉ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ရေး၊ ကျေးလက်အိမ်ရာထူထောင်ရေး သစ်တောစိုက်ခင်းများ ဝိုင်းဝန်း ပူးပေါင်းစိုက်ပျိုးရေး၊ ရေဦးရေထွက်များ ထိန်းသိမ်းရေး ဝိုင်းဝန်းကြိုးပမ်းကြရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးကြပြီး ၂၀၁၁ခုနှစ် မိုးရာသီကာလအတွင်း အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများ၊ ရေဦး ရေထွက်များနှင့် ကျေးလက်အိမ်ရာထူထောင်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့်အတူ ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်သည်။ (၅၇၆)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း — အောဝမ်းစိုး

One Shop ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် တွမ်ခရုစ် ဆွေးနွေး

ကမ္ဘာကျော် ဟောလိဝုဒ်မင်းသား တွမ်ခရုစ်သည် ဒါရိုက်တာ ခရစ္စတိုဖာ မက်ကွာရီ ရိုက်ကူးမည့် One Shop အမည်ရှိ ရုပ်ရှင်ကားတွင် ဂျက်ရက်ချာ အဖြစ် ပါဝင်သရုပ်ဆောင်ရန် ဆွေးနွေး လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

One Shop ရုပ်ရှင်ကားသည် ဗြိတိသျှစာရေးဆရာ လီချားလ်ဒ်၏ ဂျက်ရက်ချာအကြောင်း ရေးဖွဲ့ထားသော ဝတ္ထု ၁၅ ခုမှ တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းဝတ္ထုတွင် အဓိက ဇာတ်ကောင် ဂျက်ရက်ချာမှာ စစ်ပြန် လက်ဖြောင့် တပ်သားတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း လှည့်လည် သွားလာစဉ် လူငါးဦးကို သေနတ်ဖြင့် ရမ်းကားပစ်ခတ်မှုကြောင့် စုံစမ်း စစ်ဆေးခြင်း ခံနေရသူတစ်ဦးဖြစ်သည်။

ဇာတ်ညွှန်းရေးဆရာတစ်ဦးအဖြစ် လူသိများသည့် ဒါရိုက်တာ ခရစ္စတိုဖာ မက်ကွာရီသည် တွမ်ခရုစ်၏ ၂၀၀၈ ခုနှစ်က ဒုတိယကမ္ဘာစစ်အကြောင်း ရိုက်ကူးထားသည့် Valkyrie ဇာတ်ကားအပါအဝင် အခြားဇာတ်ကားများ ကိုလည်း ဇာတ်ညွှန်းရေးသားပေးခဲ့ဖူး သည်။ ဒါရိုက်တာတစ်ဦးအနေဖြင့် ယခု One Shop ဇာတ်ကားမှာ ၂၀၀၀ ပြည့်နှစ်က The Way of The Gun ဇာတ်ကားပြီးနောက်ပိုင်း ပထမဆုံး အကြိမ်ပြန်လည်ရိုက်ကူးခြင်းဖြစ်သည်။

အရပ် ၆ပေ ၅ လက်မရှိပြီး ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ရှိသော ဂျက်ရက်ချာ၏ ဇာတ်ရုပ် နေရာတွင် သရုပ်ဆောင်ရန် တွမ်ခရုစ် ကို ရွေးချယ်ခြင်းသည် အငြင်းပွားဖွယ် ကိစ္စတစ်ခုဖြစ်နေသလို ပရိသတ်များ အတွက်လည်း ယင်းဇာတ်ရုပ်မျိုးကို တွမ်ခရုစ်နှင့် လိုက်ဖက်မှု ရှိ မရှိ လက်ခံနိုင်ရန် ခက်ခဲသောကိစ္စ တစ်ရပ်ဖြစ်နေသည်။ သို့သော် တွမ်ခရုစ်သာ ဤဇာတ်ရုပ်နေရာတွင် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်မည်ဆိုလျှင် သူ၏သရုပ်ဆောင်မှု သက်တမ်း တစ်လျှောက်တွင် ထူးထူးခြားခြား သရုပ်ဆောင်နိုင်မှုအဖြစ် သတ်မှတ်ရ မည်ဖြစ်သည်။

တွမ်ခရုစ်သည် ယခုလောလော ဆယ် Rock of Ages ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်နေသကဲ့သို့ ဒါရိုက်တာ ဂျိုးဇက်ကိုစင်စကီ ရိုက်ကူး မည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကား Oblivion အမည်ရှိ ဇာတ်ကားတွင် လည်း ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ရန် သဘောတူ ထားသည်။ တွမ်ခရုစ်အနေဖြင့် ဤ One Shop ဇာတ်ကားတွင်သာ ပါဝင် သရုပ်ဆောင်ဖြစ်မည်ဆိုပါက ယင်း ဇာတ်ကားသည် Oblivion ဇာတ်ကားအရင် ရိုက်ဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***

အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာနီနီအေး

သွေးလွန်တုပ်ကွေးရောဂါသည် ကမ္ဘာပေါ်တွင် ခြင်ကိုက်ခြင်းမှတစ်ဆင့် လျင်မြန်စွာ ကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ရောဂါတစ်ခုဖြစ်ပါသည်။ တစ်ကမ္ဘာလုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ ၇၅ ရာခိုင်နှုန်းသည် အာရှပစိဖိတ်ဒေသများမှ ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် လူတို့၏ ကျန်းမာရေးကိုသာမက လူမှုစီးပွားကိုပါ ထိခိုက်နိုင်သော ရောဂါတစ်ခုဖြစ်သောကြောင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် အချိန်ရောက်ရှိနေပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ သန်း ၅၀ သည် သွေးလွန်တုပ်ကွေးရောဂါဒဏ် ခံစားနေရပြီး ၂၄၀၀၀ ဦး သေဆုံးလျက်ရှိပါသည်။ တစ်ကမ္ဘာလုံး၏ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု၏ ၅၂ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသနိုင်ငံများမှဖြစ်ပြီး အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှာ အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါသည် ၁၉၆၅ ခုနှစ်ခန့်မှစပြီး ရန်ကုန်မြို့တွင် ကြိုးကြား ကြိုးကြားဖြစ်ခဲ့ရာက ၁၉၇၀ ခုနှစ်တွင် ရန်ကုန်မြို့မှာ ပထမဆုံးအကြိမ် ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ပါသည်။ နှစ်ပေါင်း ၄၀ ကျော်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများသည်ထက် များပြားလာသည်ကို တွေ့ရပါသည်။ ယခင်က မြို့ကြီးမှာသာဖြစ်ခဲ့သော်လည်း ယခုအခါ ကျေးလက်၊ တောရွာတွေမှာပါ ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ ယခုကဲ့သို့ များပြားလာရခြင်းမှာ ကမ္ဘာကြီး ပူနွေးလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကလေးလူကြီးမရွေး ခရီးသွားလာမှု များပြားလာခြင်း၊ ရောဂါပိုးများ ပျံ့နှံ့သွားခြင်း၊ တောရွာများ၏ လူမှုဘဝနေထိုင်မှုများမှာ လျင်မြန်စွာ မြို့ပြဆန်လာခြင်းစသည့် အကြောင်းရင်းများကြောင့် ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါပိုးကိုသယ်ဆောင်ပေးသော ခြင်ပုန်း (သို့) ခြင်ကျားသည် များသောအားဖြင့် နေ့အချိန်တွင် ကိုက်လေ့ရှိပြီး လူတို့၏ ပတ်ဝန်းကျင်ရှိ ရေစည်၊ ရေအိုး၊ ရေလှောင်ကန်နှင့် မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာအဟောင်း၊ အိုးခြမ်းပဲ့များတွင် ပေါက်ပွားလေ့ရှိပါသည်။ ခြင်ပေါက်နိုင်သည့် နေရာများကို လူတို့က ဖန်တီးထားခြင်းသာဖြစ်ပြီး လူတို့နှင့် အနီးကပ်ဆုံးတွင်ရှိနေခြင်းကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ပါမှ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်နိုင်မည် ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေး ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြပါသော်လည်း ယခုအချိန်အထိ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် အောင်မြင်မှုကို အထိုက်အလျောက်သာရရှိပြီး လိုအပ်ချက်များ ရှိနေပါသေးသည်။

ထို့ကြောင့် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၉ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံဒေသဆိုင်ရာ သွေးလွန်တုပ်ကွေးထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အစည်းအဝေးမှ အဆိုပြုခဲ့သော အာဆီယံ သွေးလွန်တုပ်ကွေးနေ့ကို ၂၀၁၀ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပဥ္စမအကြိမ်မြောက် အာဆီယံ လူမှုရေးယဉ်ကျေးမှုကောင်စီ အစည်းအဝေးမှ အဓိကဆုံးဖြတ်ချက်များအဖြစ် ချမှတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်တွင် အာဆီယံ သွေးလွန်တုပ်ကွေးနေ့အဖြစ် ဇွန်လ ၁၅ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို အာဆီယံအသင်းဝင်(၁၀)နိုင်ငံစလုံးတွင် တစ်ပြိုင်နက် ကျင်းပကြရန် ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အများဆုံးအချိန်မှာ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများမှာဖြစ်သည့်အတွက် ဇွန်လမှာ အာဆီယံ သွေးလွန်တုပ်ကွေးနေ့ ကျင်းပခြင်းသည် ပြည်သူလူထုအနေဖြင့် ပိုမိုသတိရှိလာပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်လာရန် မျှော်မှန်းပါသည်။

၂၀၁၁ ခုနှစ် မေလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးတွင် အဓိကကျသည့် အောက်ပါအချက်များကို သဘောတူပြုစုခဲ့ကြပါသည်။

(၁) သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းသည် လူတိုင်း ပါဝင်ဆောင်ရွက်ပါမှ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်နိုင်မည်။

အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများမှာ-

- (က) ပြည်သူလူထုမှ အသိပညာများ ရရှိလာပြီး ပူးပေါင်းပါဝင်လာရန် ဆောင်ရွက်ခြင်း။
- (ခ) ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။
- (ဂ) သွေးလွန်တုပ်ကွေးလူနာများကို ထိရောက်စွာ ကုသပေးခြင်း။
- (ဃ) သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း။
- (င) ကပ်ရောဂါအသွင်ဖြစ်လာပါက ထိရောက်စွာ နှိမ်နင်းခြင်း။
- (စ) သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် တစ်ဦးချင်းမှ ပြည်သူလူထုတစ်ရပ်လုံး၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

(၂) သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းဖြင့် ရောဂါဖြစ်လာမှ နှိမ်နင်းခြင်းထက် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်ပြီး ရောဂါကြောင့် ပေါ်ပေါက်ရသော လူမှုစီးပွားဒုက္ခ လျော့နည်းစေနိုင်မည် ဖြစ်ပါသည်။

(၃) ရေရှည်တည်တံ့ခိုင်မြဲမည့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ပေါင်းစည်း၍ ထိရောက်စွာဆောင်ရွက်ရာတွင် အာရှပစိဖိတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းနည်းဗျူဟာနှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(၄) သွေးလွန်တုပ်ကွေးရောဂါကို တိုက်ဖျက်ရာတွင် မိမိနိုင်ငံသာမက အာရှပစိဖိတ်ဒေသတစ်ခုလုံးမှာ ဦးစားပေးဆောင်ရွက်ရမည့် ရောဂါတစ်ခုအနေဖြင့် ဒေသတွင်း ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိမည့် အရင်းအနှီးများကို ထိရောက်စွာ အသုံးချပြီး သွေးလွန်တုပ်ကွေး ပြဿနာကို လျှော့ချသွားရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုအပေါင်း သွေးလွန်တုပ်ကွေးရောဂါမှ ကင်းဝေးရန်အတွက် ပြည်သူလူထုအနေဖြင့် သတင်းစာများနှင့် ရုပ်မြင်သံကြားတွင် ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ



သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

မိုးရာသီအတွင်း အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်သည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

လိုက်နာရမည့်အချက်များ

- (က) ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားပါ။
- (ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
- (ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
- (ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
- (င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
- (စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
- (ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
- (ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
- (ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။ (အကျီ လက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များ မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တစ်အိမ်ထောင်ကျွန်းသုံးပင် စိုက်ပျိုးရေး သန်လျင်၌ ဟောပြော

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ဘုရားကုန်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရီထွေးက တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရသည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်း နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ဘုရားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းငွေက ကျွန်းပင်များ ဖြန့်ဝေကာ(**အပေါ်ပုံ**) ကျေးရွာအတွင်း စုပေါင်း၍ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၅၂၇)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မုဒုံနှင့်ချောင်းဆုံမြို့နယ်တို့၌ ကျင်းပ

နေပြည်တော် ဇွန် ၁၄

မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်တွင် မုဒုံမြို့ ကန်ကလေး အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများက ခရေ၊ ကံ့ကော်၊ မဟော်ဂနီနှင့် ကျွန်း စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်း စိုက်ပျိုးပေးကြသည်။(**အောက်ပုံ**)

အလားတူ ပြည်နယ်သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ချောင်းဆုံမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ် သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ယူကလစ်နှင့် ခရေပင်အပါအဝင် အရိပ်ရနှစ်ရှည်ပင် ပျိုးပင်ပေါင်း ၉၆၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

တစ်ရွာတစ်ဧကစိုက် စီမံချက်ဖြင့် ယူကလစ်ပင်များ စိုက်ပျိုး

သာစည် ဇွန် ၁၄

သာစည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်အိမ်ရာထူထောင်ရေးကို အထောက်အကူပြုသည့်အနေဖြင့် တစ်ရွာတစ်ဧကစိုက် သစ်တောစိုက်ခင်းစီမံချက်အရ ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် သာစည်မြို့နယ် နှမ်းကန်ကျေးရွာအနီးရှိ မြေကွက်လပ် တစ်ဧကတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံကျေးလက်ပြည်သူများ ပူးပေါင်း၍ အင်အား ၂၅၀ တို့က ယူကလစ်ပင်ပေါင်း ၅၄၀ ကို စိုက်ပျိုးကြသည်။

အဆိုပါယူကလစ်ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ် စိမ်း/စို ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြ၍ ဒေသခံကျေးရွာလူထုနှင့် ပူးပေါင်းပြီး သတ်မှတ်နေရာအသီးသီးတို့၌ ယူကလစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ (၄၂၅)

ပြည်ထဲရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေး ပေးအပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ ကျောင်းသား၊ ကျောင်းသူများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ရာ ဦးစီးဌာနနှင့် တပ်ဖွဲ့အလိုက် တာဝန်ရှိသူများက လက်ခံကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ယခုပညာသင်နှစ်အတွက်ထောက်ပံ့ငွေကျပ် ၁၃၄၃၂၀၀၀ တန်ဖိုးရှိသည့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးခဲ့သည့်အပြင် ပြည်ထောင်စုဝန်ကြီး မိသားစုကလည်း ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ ကျောင်းသား၊ ကျောင်းသူများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ဦးစီး ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီရိဓမ္မ။

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယရတ္တညျူမဟာနာယက ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်၊ မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီရိဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကန်ဖျားရွာ ခမည်းတော် ဦးဝိုင်း၊ မယ်တော် ဒေါ်စိန်ဥတို့မှ ၁၂၈၅ ခုနှစ် တပေါင်းလဆန်း ၃ ရက်(သောကြာနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် ကန်ဖျားရွာကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မိဘအိုးဘွားတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ် တပေါင်း လပြည့်ကျော် ၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ မိနစ် ၂၀ တွင် ခွက်ခွင်းကျောင်းဆရာတော် ဘဒ္ဒန္တသောဏာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ကံဖျားရွာကျောင်း ခဏ္ဍသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ခွက်ခွင်းကျောင်း ဘဒ္ဒန္တသောဏာဘိဝံသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ ဘဒ္ဒန္တသုဝဏ္ဏဇောတိဘိဝံသ၊ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တဝါသဝါဘိဝံသ၊ မစိုးရိမ်တိုက်သစ် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်တွင် ကထိကအဖြစ် ၄ နှစ်၊ မဟာသိပ္ပံကျောင်းတွင် ၁၉၇၆ ခုနှစ်မှစ၍ ယနေ့ထိ ငယ်၊ လတ်၊ ကြီး စာဝါများကို ပို့ချလျက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလည်း ၂၃ နှစ်တိုင် ဖွင့်လှစ်ခဲ့သည်။ ၁၃၄၂ ခုနှစ်မှ ၁၃၅၁ ခုနှစ်ထိ သယ်န်းကျွန်းမြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ် သံဃနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ၊ သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံစေတီ၊ ရန်မျိုးအောင်စေတီဂေါပကအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ရန်ကုန်) ဂေါပကအဖွဲ့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးတို့၏ ဩဝါဒါစရိယဆရာတော်၊ ၂၀၁၀ ခုနှစ်မှစ၍ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ သိက္ခာကာမပရိယတ္တိဆေက၊ ပဋိပတ္တိမာမကစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၀ (၁၉၉၉)ခုနှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၇ (၂၀၀၆)ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ (၁၃၇၃ ခုနှစ် နယုန်လဆန်း ၆ ရက်) ဇွန် ၇ ရက်(အင်္ဂါနေ့)ည ၁၁ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။

ပညာတတ်ရုံသာမက စာရိတ္တကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်သူများဖြစ်အောင် သင်ကြားပေးရန် ပညာသင်ထောက်ပံ့ပွဲ၌ မှာကြား

နေပြည်တော် ဇွန် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် စံပြကျေးရွာ အမှတ်(၂၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံး ဘက်စုံကဏ္ဍစုံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူများဝင်ငွေတိုးတက်ရရှိစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တောင်သူများ၏ လယ်ယာထွက်ကုန်များ တွက်ခြေကိုက်ရေးတို့ကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုနည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာ၊ ဆရာမများကလည်း မိမိတပည့်များအား ပညာတတ်အောင် သင်ကြားပေးရုံသာမက စာရိတ္တကောင်းမွန်ပြီး လူချွန်လူကောင်းများပေါ်ထွန်းလာရေး ဆောင်ရွက်ပေးကြရန်၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် စကားအတိုင်း စည်းကမ်းရှိသော ကျောင်းသားများဖြစ်အောင် သင်ကြားပေးရန်၊ ပညာရှွေအိုးလူမခိုးဆိုသည့်စကားအတိုင်း ပညာတတ်ထူးချွန်သောကျောင်းသားများ၊ အနာဂတ်အတွက် မိမိဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သော လူချွန်လူကောင်းများပေါ်ထွန်းရေး သင်ကြားပေးကြရန် လိုအပ်ကြောင်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၂၉ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၃၆၄ စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ရွာ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗလာစာအုပ် ၂၅ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၁၈၃ စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာ အမှတ်(၁၇၉)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်၍ ဗလာစာအုပ် ၂၄ ဒါဇင်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံ ၁၉၁ စုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်ယာဉ်လိုင်း ထူးချွန်ဆု ချီးမြှင့်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်း၏ ၂၀၁၁ ခုနှစ် ထူးချွန်ဆုများချီးမြှင့်ပွဲနှင့် ကျောင်းနေအရွယ်ကလေးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ဗောဓိမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က အမှာစကားပြောကြားပြီး ခရိုင်ယာဉ်လိုင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင်ယာဉ်လိုင်း ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေး၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းဆု၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ မြို့နယ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းနှင့်ယာဉ်လုပ်သားဝတ်စုံ၊ ဘာသာရေး အလှူငွေများ စုစုပေါင်းငွေကျပ် သိန်း ၂၄၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ကြီးကြပ်မှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ခရိုင်ယာဉ်လိုင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုဆုများနှင့် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၂၇)

မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်က သထုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့ရဲမှူး ဖေသန်း၊ ဇနီး ဒေါ်ခင်စောတို့က ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးအတွက် ပညာသင် စရိတ် ထောက်ပံ့ကြေး၊ ကျောင်းသုံး ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (ကြေးမုံ)

သင့်ယာဉ်မမောင်းမီ

အောက်ပါအချက်များ

စစ်ဆေးပါ

(၁) ဘရိတ်
(၂) မီးများ-
  (က) ရှေ့မီးကြီး
  (ခ) ဘေးမီးငယ်
  (ဂ) ဘရိတ်မီး
  (ဃ) အချက်ပြမီး
  (င) နောက်နံပါတ်ပြားမီး
(၃) ဟွန်း
(၄) တာယာကောင်း/မကောင်း၊ လေ ညီ/မညီ
(၅) စတီယာရင် ကောင်း/မကောင်း
(၆) ဂီယာကောင်း/မကောင်း
(၇) နောက်ကြည့်မှန်
(၈) ဆီ/ရေ/လေ/ဝိုင်ပြည့်စုံမှု ရှိ/မရှိ
(၉) ယာဉ်မောင်းလိုင်စင်
(၁၀) မှတ်ပုံတင်သက်သေခံအပိုင်း
(၁၁) မိုးတွင်းအခါ ရေသုတ်ကိရိယာ ကောင်း/မကောင်း

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သစ်ပင်မျိုးစုံ ၈၂၀၆ ပင် စိုက်ပျိုး

နေပြည်တော် ဇွန် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးသည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၄) နှင့် (၄၂)တို့တွင် ကျင်းပသော ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ ကံ့ကော်ပင်၊ မဟော်ဂနီပင်နှင့် ကျွန်းပင်တို့စိုက်ပျိုးပေးပြီး (ယာပုံ)**ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။**

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးဟန်စိန်နှင့် ဦးချန်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၅၈၀ ကျော်ပါဝင်၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသော နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၅၂၀၊ ပျဉ်းကတိုး ၃၄၀၊ မဟော်ဂနီ ၂၅၀၊ မန်ကျည်း ၅၀၊ စိန်ပန်းပု ၅၀ နှင့် ကံ့ကော် ၃၀ စုစုပေါင်း အပင် ၁၂၄၀ စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့ပြီး နှစ်ရှည်စားပင် ၆၅၉၁ ပင်၊ အရိပ်ရ လေကာပင် ၃၇၅ ပင်၊ ယခုနှစ် စိုက်ပျိုးပင် ၁၂၄၀ ရှိရာ စုစုပေါင်း ၈၂၀၆ ပင် စိုက်ပျိုးထားရှိပြီးဖြစ်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲအခမ်းအနား ကျင်းပ

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ အုန်းပင်များကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

သာသနာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး စိုက်ပျိုးခင်းမြေကွက်လပ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်အုန်းပင်များကို စိုက်ပျိုးပေးကြပြီး သာသနာရေးဝန်ကြီးဌာန လျှိုပိတ်ဆည် အမှတ်(၂)အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ သစ်ပင်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယနေ့ ကျင်းပသော သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ အုန်းပင်စသည့် အရိပ်ရလေကာပင်များအပြင် သရက်၊ ပိန္နဲ၊ ကင်ပွန်း၊ ဒန့်သလွန်၊ ဆူးပုပ်၊ သဘော်၊ မာလကာ၊ မရမ်းစသည့် သီးပင်စားပင်များ အပါအဝင် စုစုပေါင်း သစ်ပင်ပျိုးပင် ၂၀၁၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် ယခုအချိန်ထိ စိုက်ပျိုးပြီးစီးသွားသည့် သီးပင်စားပင်နှင့် သစ်ပင်ပျိုးပင် အရေအတွက်မှာ ၁၀၀၄၉ ပင်ဖြစ်ပြီး ငါးမြစ်ချင်း၊ငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယားနှင့် ရွှေဝါငါးကြင်း ငါးမျိုးသားပေါက်များ စိုက်ထည့်ခဲ့သည့် အရေအတွက်မှာ ကောင်ရေ ၁၆၄၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဂွမြို့တို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မြစ်ကြီးနားမြို့၊ သံတွဲမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီနှင့် မြိတ်မြို့တွင် ၁ ဒသမ ၉၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကျောဖုံးမှ

ကနေဒါနိုင်ငံ ဗြိတိသျှ ကိုလံဘီယာဒေသမှသည် အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း နယူးမက္ကဆီကိုပြည်နယ်အထိတိုင်အောင် တစ်နံတစ်လျားသွယ်တန်းနေသော ရော့ကီးတောင်တန်း၌ ဆီးနှင်းကျဆင်းမှုနှုန်းထက် ဆီးနှင်းအရည်ပျော်မှုနှုန်းက ပိုမိုသာလွန်လာခြင်းကြောင့် တောင်ပေါ်ဆီးနှင်းပြင်လွှာများ လျင်မြန်စွာ လွင့်မျောပျောက်ကွယ်လာနေကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာန၏ လေ့လာချက်သစ်တွင် ဖော်ပြထားသည်။

နှစ်စဉ်နွေဦးပေါက်ရာသီရောက်လေတိုင်း ရော့ကီးတောင်တန်းဒေသမှ ဆီးနှင်းနှင့် ရေခဲတို့ အရည်ပျော်ဆင်းလေ့ရှိသည်။ အမေရိကန်နိုင်ငံရှိ ကိုလံဘီယာမြစ်၊ မစ်ဆူရီမြစ်နှင့် ကိုလိုရာဒိုမြစ် မြစ်ဝှမ်းဒေသများ၏ ၈၀ ရာခိုင်နှုန်းအထိကို ရေဖြန့်ဝေပေးနိုင်သည်။

ရော့ကီးတောင်တန်းဒေသမှ မြစ်ဖျားခံသော မြစ်ဝှမ်းဒေသများသည် မိုးခေါင်မှုဖြစ်ပေါ်နေသော ဒေသကြီးတစ်ခုရှိ ပြည်သူသန်း ၇၀ နီးပါးအတွက် အခြေခံအကျဆုံးရေအရင်းအမြစ်များ ဖြစ်ကြသည်။ အဆိုပါ ဒေသကြီးတွင် ဒန်ဗာ၊ လက်စဗေးဂတ်၊ လော့စ်အိန်ဂျလိစ်နှင့် ဆော့လိတ်စီးတီးမြို့ကြီးများ ပါဝင်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း အေးခဲနေသော ဆီးနှင်းပြင်လွှာများ ပျောက်ကွယ်လာနေမှုသည် မိုးခေါင်မှုများဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းတစ်ရပ်ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များကြောင့် အပူချိန် ပိုမိုမြင့်တက်လာကာ တောင်ပေါ်ဆီးနှင်းပြင်လွှာများ လျင်မြန်စွာ လျော့ပါးပျောက်ကွယ်လာရကြောင်း သုတေသီများက သုံးသပ်ကြသည်။

အင်တာနက်။

ပြည်သူ့ထံမှ ပေးစာများ

ကြက်၊ ဝက် မွေးမြူမှု ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ အောက်ကျင်းရပ်ကွက် အပိုင်(၉)အတွင်းရှိ ကြက်၊ ဝက်မွေးမြူထားမှုများကြောင့် ကြက်ချေး၊ ဝက်ချေး အနံ့အသက်ဆိုးများ၊ အညစ်အကြေးများကြောင့် ပြည်သူများ ကျန်းမာရေးထိခိုက်မှု နေ့စဉ်နှင့်အမျှ ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

မြို့ဝင်ကြေးများ သတ်မှတ်နှုန်းအတိုင်းကောက်ခံစေချင်

စာတည်းခင်ဗျား -

ရန်ကုန်-မန္တလေးမော်တော်ကားလမ်းဟောင်းရှိ လမ်း၊ တံတားနှင့် မြို့ဝင်ကြေးကောက်ခံသည့် ဂိတ်များသည် မြို့ဝင်ကြေးအဖြစ် ဆယ်ဂဏန်းစွန်းလျှင် ကျပ် ၁၀၀ ဖြည့်စွက်ပြီး ကောက်ခံနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကိုယ်တွေ့ကြုံသူ**

ယာဉ်များပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၁၉-၅-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဟင်္သာတမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီး(၁)လမ်းအတွင်း ယာဉ်များပိတ်ဆို့ရပ်နား၍ သွားလာရခက်ခဲနေမှုနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဒေါ်စောတင်၏ (၇၁)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ဗီရိုတစ်စုံအတွက် အလှူငွေနှင့် ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

မြေစာရင်းနှင့် သီးနှံစိုက်ကေမှန်ကန်ရေးဆောင်ရွက်

ဝိုင်းမော် ဇွန် ၁၄

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကေ မှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအခမ်းအနားကို ဇွန် ၃ ရက်က ဝိုင်းမော်မြို့နယ် မြေစာရင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းက သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ မြေယာအသုံးချမှု စာရင်းများမှန်ကန်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး အဆိုပါလုပ်ငန်းကို ဇွန် ၃ ရက်မှ ဇူလိုင် ၂ ရက်အထိ တစ်လကြာလုပ်ဆောင်သွားမည်ဖြစ်သည်။ (ကြေးမုံ)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

✤ **Good Governance ဖြစ်ရန်မှ**

ဆွေးနွေးပွဲ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အသုံးပြုနေ

ထို့အပြင် အစိုးရဝန်ကြီးဌာန အချင်းချင်းအကြား၊ အစိုးရဌာနများနှင့် သက်ဆိုင်ရာကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများအကြား သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်အသုံးပြုနိုင်သည့် Electronic Document Management System (EDMS) ကဲ့သို့ e-Government Applications များသည် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးတွင် လက်ရှိအသုံးပြုနေကြပြီ ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပို့ကုန်သွင်းကုန် လိုင်စင်ကို Online မှ လျှောက်ထားနိုင်သည့် Applications အပါအဝင် အခြားဝန်ကြီးဌာနများ၏ e-DForm၊ Custom လုပ်ငန်း၏ National Single Windows စနစ် စသောလုပ်ငန်းစဉ်များလည်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အစိုးရဌာနများ၏ e-Government လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ e-Government လုပ်ငန်းတာဝန်ခံများနှင့် ပြည်တွင်း ပြည်ပ e-Government လုပ်ငန်းအတွေ့အကြုံရှိသည့် ပညာရှင်များ တွေ့ဆုံပြီး မိမိတို့ဆောင်ရွက်ပြီးစီးသည့်e-Government စီမံကိန်းလုပ်ငန်းများ၏ အနေအထားနှင့် အကျိုးသက်ရောက်မှုများကို ပြန်လည်ဆန်းစစ်နိုင်ရန်နှင့် ရှေ့ဆက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် ဆွေးနွေးကြမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ရှာဖွေဖော်ထုတ်

တက်ရောက်လာကြသူများအနေဖြင့် e - Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ကြုံတွေ့ ရင်ဆိုင်ခဲ့ရသည့် စီမံခန့်ခွဲမှုနှင့် နည်းပညာအခက်အခဲ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာငွေကြေးကန့်သတ်ချက် စသည့်အခက်အခဲ (Challenges) များအား ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် အဖြေများကို ရှာဖွေဖော်ထုတ်တင်ပြကြရန် တိုက်တွန်းလိုကြောင်း၊ ကုလသမဂ္ဂက ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ e-Government ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြထားသော e-Government ဖွံ့ဖြိုးတိုးတက် အောင်မြင်နေသည့် နိုင်ငံများကို လေ့လာကြည့်လျှင် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များကို မျှဝေကြပြီး အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှုကို တည်ဆောက်နိုင်ခဲ့ခြင်းက အဓိကအားသာချက်အဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရန် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာ စီးဆင်းရေးဆောင်ရွက်ကြရာတွင် ယနေ့ နေရာအနှံ့ ကြုံတွေ့နေရသည့် Cyber Security ဟုခေါ်သော သတင်းအချက်အလက်လုံခြုံရေး ခြိမ်းခြောက်မှုများကိုလည်း သတိထားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အီလက်ထရွန်နစ်အစိုးရအဖွဲ့လုပ်ငန်းစဉ်များကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနအသီးသီးမှ CIO များ၊ ပြည်တွင်း ပြည်ပမှ NGO အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အရှိန်အဟုန်မြှင့်တင်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က e - Government လုပ်ငန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်အောင် ဆောင်ရွက်ရာ၌ သင့်တော်ခေတ်မီသည့် လုပ်ငန်းဖြစ်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းလျင်မြန်သွက်လက်မှုသည် နိုင်ငံတော်၏ စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်နေသကဲ့သို့ e-Government သည် Good Governance နှင့် Clean Government ကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ e-Government စနစ် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ပဏာမဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြသထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိ e-Government အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် e - Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးနှင့် Inforithm Maze မှ Managing Director ဦးသောင်းစုငြိမ်းတို့က e-Government လုပ်ငန်းများနှင့် စပ်လျဉ်း၍ Planning Template ကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာကမ္ဘာ့ကုလသမဂ္ဂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး အကြီးတန်းအကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး စာတမ်းရှင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်သိန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Cyber Security ဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမီမီစုသွင်တို့က e-Government စနစ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဖတ်ကြားဆွေးနွေးသည့် စာတမ်းများအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် e- Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲ၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



✳ **ရွှေဖုံးမှ**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး တပ်ဆင်ဆဲဖြစ်သော ဓာတ်အားပေးစက် အမှတ်(၁)ကို အသေးစိတ် ဂရုစိုက်အချိန်ယူစိစစ်ကာ စက်တပ်ဆင်ရန်၊ သေချာမှုရှိစေရန်၊ တမံနှင့် တမံဆိုင်ရာ ရေအားအဆောက်အအုံများနှင့် ဓာတ်အားပေးစက်ရုံ၏ စက်ရုံဆိုင်ရာ စက်အစိတ်အပိုင်းများ ကြံ့ခိုင်ထိန်းသိမ်းမှု အပိုင်းများကို ရက်အလိုက်၊ ရက်သတ္တပတ်အလိုက်၊ လအလိုက် လုပ်ဆောင်မှု၊ စစ်ဆေးမှုဇယားရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ရန်၊ မိုးရွာသွန်းမှု များပြားပြီး ရေစီးဝင်မှုများသည့် လပိုင်းတွင် တမံကို စောင့်ကြပ်ကြည့်ရှုမှုနှင့် ထိန်းသိမ်းမှု၊ ကာကွယ်မှုလုပ်ငန်းများကို ပိုမိုအလေးထား ဂရုစိုက်ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကာ တပ်ဆင်ပြီး ဓာတ်အားပေးစက်သုံးလုံး၏ စက်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှု၊ တပ်ဆင်ဆဲ ဓာတ်အားပေးစက်၌ စက်တပ်ဆင်နေမှု၊ ဓာတ်အားပေးစက် ထိန်းချုပ်မောင်းနှင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တမံ၏ ဝဲဘက်ကမ်းမှ တမံအတွင်း ရေဝင်ရောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ၏ ဆောင်ရွက်ရမည့် လုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေး ကိစ္စရပ်များနှင့် ရေဝပ်ဧရိယာများအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် နောက်ဆုံးစက်တစ်လုံးကို မကြာမီ တပ်ဆင်ပြီးစီးမည်ဖြစ်ပြီး စက်အားလုံး တပ်ဆင်ပြီးစီးပါက စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်းလှ ပင်မဓာတ်အားခွဲရုံအသစ် တည်ဆောက်ရေးလုပ်ငန်းခွင် ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

ရန်ကုန် ဇွန် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ မင်းလှပင်မဓာတ်အားခွဲရုံ အသစ်တည်ဆောက်ရေးလုပ်ငန်းခွင်၌ တာဝန်ရှိသူတို့၏ မင်းလှဓာတ်အားခွဲရုံ Layout Plan၊ Switch Yard Layout Plan၊ ခွဲရုံတည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများရောက်ရှိမှု၊ ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု၊ ၂၃၀ကေဗွီ သာယာကုန်း - မင်းလှ မဟာဓာတ်အားလိုင်း လိုင်းအူကြောင်းလျာထားရွေးချယ်ထားရှိမှုနှင့် ၂၃၀ ကေဗွီအေ ရွှေတောင်-မြောင်းတကာ မဟာဓာတ်အားလိုင်း လိုင်းအူကြောင်း လျာထား ရွေးချယ်ထားရှိမှုတို့အပေါ် လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဓာတ်အားခွဲရုံ Control Room အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် Switch Yard တည်ဆောက်မည့် မြေနေရာသတ်မှတ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မင်းလှ ပင်မဓာတ်အားခွဲရုံ Switch Yard တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

တာချီလိတ် ဇွန် ၁၄

ရှမ်းပြည်နယ် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦးတို့အား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က စုစုပေါင်း ငွေကျပ် ၁၈၄၀၅၆၀ တန်ဖိုးရှိ ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ပညာသင်စရိတ်ထောက်ပံ့

ကန့်ဘလူ ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရဲတပ်ဖွဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးခန်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးက တပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၁၇၄ ဦးအတွက် ကျပ် ၆၁၇၅၀၀ ကို မိဘများထံ ပေးအပ်ကြောင်း သိရသည်။

(၃၈၆)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

ပျဉ်းမနား ဇွန် ၁၄

နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီး များအား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာပေးအပ်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၃၁ ဦးတို့အား စာရေးကိရိယာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။ (၅၈၆)

ပြည်ထောင်စုဝန်ကြီးနှင့် ယူနက်စကိုမှဧည့်သည်များ ယူနက်စကိုကိစ္စများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနက်စကိုရုံး(ဗန်ကောက်)မှ ဒုတိယညွှန်ကြားရေးမှူး Mr.Etienne Clement နှင့် ယူနက်စကို(မြန်မာ)မှ အစီအစဉ်အရာရှိ Mr.Sardar Umar Alam တို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ယူနက်စကိုဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့်ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့်အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘိလိယက်နှင့် စနူကာခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဏာမမြန်မာ့လက်ရွေးစင်အားကစားသမားများက ဘိလိယက်ပြိုင်ပွဲနှင့် စနူကာပြိုင်ပွဲများကို သရုပ်ပြယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများ၊ အမှတ်ပေးစည်းမျဉ်းနှင့် ချီးမြှင့်မည့် ဆုတံဆိပ်အရေအတွက်များနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားအသစ်ဖြစ်သော အာဆီယံစစ်တုရင်နှင့်စပ်လျဉ်းသည့် ကစားနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဏာမမြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြနှင့် ဒိုင်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားကာ**(ဝဲပုံ)** သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် အခြေခံပညာဦးစီးဌာနမှ သင်တန်းသူ ၆၅ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇေယျာရွှေမြေ အရန်ဘောလုံးအသင်း လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ နည်းပြဆရာများအား တွေ့ဆုံ၍ အဆင့်မီ သင်တန်းသား၊ သင်တန်းသူများ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားများအား အားကစားအဖွဲ့ချုပ်များသို့ ပေးပို့လေ့ကျင့်ရေးနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ပြည်ပအားကစားသတင်းများ

စီရော်နယ်ဒို မန်စီးတီးသို့ မပြောင်းပါ

မက်ဒရစ် ဇွန် ၁၄



ဘာနေဗျူးတွင်သာ ဆက်နေမည်ဟု အခိုင်အမာ ပြောဆိုလာသည့် စီရော်နယ်ဒို။

ပရီမီယာလိဂ်ကလပ် မန်စီးတီးက ရီးယဲလ်မက်ဒရစ်အသင်း၏ တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုကို ပေါင်သန်း ၁၅၀ ဖြင့် ကမ်းလှမ်းမှုအပေါ် အဆိုပါ ကစားသမားက ယနေ့တွင် တုံ့ပြန်ပြောဆိုလိုက်သည်။

စီရော်နယ်ဒိုသည် လက်ရှိအချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်း၌ တစ်နှစ်လျှင် လုပ်ခလစာ ပေါင် ၁၃ ဒသမ ၅ သန်းရရှိနေသည်။ သို့သော် မန်စီးတီးအသင်းက ၎င်းကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ ပေးပြီး တစ်နှစ် လုပ်ခလစာ ပေါင် ၂၁ သန်းပေးမည်ဟု မြူဆွယ်လာသည်။ ထို့ကြောင့် အသက် (၂၆)နှစ်ရှိ စီရော်နယ်ဒိုက မန်စီးတီး အပေါ်တုံ့ပြန်ခဲ့ရာတွင် ငွေကြေးသည် ဘဝတွင် အရေးကြီးသော အရာမဟုတ်ကြောင်း၊ ငွေကြေးအတွက် အလုပ်လုပ်ကြမည် ဆိုလျှင် မိမိအနေဖြင့် ယခုရရှိနေသည့် ငွေကြေးထက် နှစ်ဆကျော်ရအောင် စွမ်းဆောင်နိုင်ကြောင်း၊ ငွေကိုမက်မော၍ အသင်းပြောင်းမည် ဆိုလျှင်လည်း ထိုသူသည် ငွေအတွက် အသက်ရှင်နေသည်နှင့် မခြားကြောင်း၊ ဖြစ်နိုင်မည် ဆိုလျှင် မိမိအနေနှင့် နောက်ထပ် ၁၀ နှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်း နှင့်စာချုပ်ချုပ်ဆိုလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၀၉ ခုနှစ်က ပေါင်သန်း ၈၀ ဖြင့် မန်ယူအသင်းမှ ဘာနေဗျူးသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်းတွင် ၈၉ ပွဲ၌ ၈၇ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီကလည်း ၎င်းသည် ရီးယဲလ်မက်ဒရစ်အတွက် ပြိုင်ပွဲအရပ်ရပ်တိုင်း၌ ၅၄ ဂိုးသွင်းပေးကာ ရွှေဖိနပ်ဆုရရှိခဲ့သည်။ မန်စီးတီးအသင်းက စီရော်နယ်ဒိုကို မည်သို့ပင် ခေါ်ယူလိုသော်ငြားလည်း ရီးယဲလ်မက်ဒရစ်နှင့် လေးနှစ်သက်တမ်း စာချုပ်ကျန်ရှိသေးသည့် အဆိုပါ ပေါ်တူဂီသားက ဘာနေဗျူး၌သာ ပျော်မွေ့နေပါသည်ဟု အခိုင်အမာ ပြောဆိုလာခြင်းကြောင့် ပရီမီယာလိဂ်ကလပ်အနေဖြင့် ၎င်းအားခေါ်ယူရန် ကြိုးပမ်းမှုမှာ လက်လွှတ်ရရန် သေချာသလောက်ရှိနေသည်။ ***The Sun။***

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၄

ဦးထွန်းနေလင်းသည် ကစားဖော်များဖြစ်ကြသော ဦးဝင်းသိန်း(ဇေယျာပန်းပု၊ ပန်းချီ၊ ပန်းပွတ်)၊ ဦးအောင်သန်း၊ ဦးဝင်းဇော်မိုးတို့နှင့်အတူ ဇွန် ၁၀ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI No.(1)ဘောလုံးကို King Cobra P.W တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဝေယံလင်း 3rd Runner Up ဆုရရှိ

ရန်ကုန် ဇွန် ၁၄

၂၀၁၁ ခုနှစ် ဇွန် ၇ ရက်မှ ၁၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ DAMI INDAH GOLF PIK COURSE. JAKARTA ၌ ကျင်းပခဲ့သော "JAKARTA WORLD JUNIOR GOLF CHAMPIONSHIP 2011" ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်း ခေါင်းဆောင်သော မြန်မာလူငယ် ဂေါက်သီးရိုက်အသင်း သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ လူငယ်ဂေါက်သီးအားကစားသမား ၁၅၉ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝေယံလင်းက 3rd Runner Up ဆုရရှိခဲ့သည်။**(ယာပုံ)** (သတင်းစဉ်)

ချာလီအဒမ် လီဗာပူးသို့ ပြောင်းမည်

လန်ဒန် ဇွန် ၁၄

ရာသီသစ်အတွက် ပြုပြင်ပြောင်းလဲမှု အမြောက်အမြား ပြုလုပ်ရန် ရည်ရွယ်ထားသည့် လီဗာပူးအသင်းသည် ဘလက်ပူး ကစားသမား ချာလီအဒမ်ကို ပေါင် ၁၀ သန်းဖြင့်ခေါ်ယူရန် အလွတ်သဘော တူညီမှုရရှိခဲ့သည်ဟု ဆိုသည်။

အသက်(၂၅)နှစ်ရှိ အဒမ်နှင့် လီဗာပူးတို့၏ အပြောင်းအရွှေ့ကိစ္စကို ယခုသီတင်းပတ်အကုန်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဟု လီဗာပူးအသင်း နည်းပြ ကင်နီဒဲလ်ဂလက်ချ်က ထုတ်ဖော်ပြောကြားခဲ့သည်။ လီဗာပူးအသင်းသည် ဆန်းဒါးလန်း ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆင်ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် သဘောတူညီပြီးနောက်ပိုင်းတွင် ပေါင် ၁၀ သန်း သတ်မှတ်ထားသည့် အဒမ်မှာ အန်လ်ဖီးသို့ ဒုတိယမြောက် ရောက်ရှိလာမည့် ကစားသမားတစ်ဦး ဖြစ်ဖွယ်ရှိနေသည်။ ***ESPN။***

ဟန်သစ်

ချယ်လ်ဆီးအသင်းက မော့ဒရစ်ကို ခေါ်ယူနိုင်မည်ဟု ယုံကြည်လျက်ရှိ

လန်ဒန် ဇွန် ၁၄

ပြီးခဲ့သည့် ဘောလုံးရာသီက ဖလားလက်မဲ့ဖြစ်ခဲ့ရသည့် ချယ်လ်ဆီးအသင်းသည် စပါးကွင်းလယ်ကစားသမား လူကာမော့ဒရစ်ကို ပေါင် ၁၅ သန်းဖြင့် ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်လျက်ရှိနေသည်။

ချယ်လ်ဆီးအသင်းသည် နည်းပြလက်မဲ့ဖြစ်နေသော်လည်း ရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် ကစားသမားသစ်ခေါ်ယူမှုကို အသက်သွင်းရန် ကြိုးပမ်းလျက်ရှိနေသည်။ ချယ်လ်ဆီးအသင်းက ခေါ်ယူလိုနေသည့် လူကာမော့ဒရစ်၏ စပါးအသင်းတွင် လက်ရှိရရှိနေသည့် လစာမှာ တစ်ပတ်လုပ်ခပေါင် ငါးသောင်းသာရရှိနေသည်။ ချယ်လ်ဆီးအသင်းက စပါးအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသည့် လူကာမော့ဒရစ်ကို တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းသုံးသောင်း ပေးမည်ဟု ဆိုလာခြင်းကြောင့် အဆိုပါကစားသမားမှာ စတမ်းဖို့ဒ်ဘရစ်ချ်သို့ ရောက်ရှိရန် အလွန်နီးစပ်နေသည်ဟု မီဒီယာများက သုံးသပ်လျက်ရှိကြသည်။ ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီကလည်း လူကာမော့ဒရစ်သာ စတမ်းဖို့ဒ်ဘရစ်ချ်သို့ လာမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာကြိုဆိုမည်ဖြစ်ကြောင်း ပြောကြားသည်။ ***ESPN။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၄

ယနေ့ နံနက် ၉ နာရီ ၃၅ မိနစ် ၂၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှား သမ္မတနိုင်ငံ ဆူမတြားမြောက်ပိုင်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး ဈေးသဘောထွက်ခွာမည်

ရန်ကုန် ဇွန် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေးဈေးသဘော်ာ ခေါက်ရေ(၁) "မြဇရာ" ရေယာဉ်သည် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သို့ပါ၍ ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ရော့ကီးတောင်တန်းဒေသရှိ တောင်ပေါ်ဆီးနှင်းပြင်လွှာများ လျင်မြန်စွာ ပျောက်ကွယ်လာနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်တာနက်မြေကမ္ဘာသိပ္ပံသတင်း | ဘာသာပြန် - သတင်းလုလင်

တောင်ပေါ်ဆီးနှင်းပြင်လွှာများ ပျောက်ကွယ်လာမှုကြောင့် ရေအရင်းအမြစ်များ ရရှိနိုင်မှုကို ခြိမ်းခြောက်လာ

ဝါရှင်တန် ဇွန် ၁၄

မြောက်အမေရိကတိုက် ရော့ကီးတောင်တန်းဒေသရှိ တောင်ပေါ်ဆီးနှင်းပြင်လွှာများသည် လျင်မြန်စွာ ပူနွေးလာသော အပူချိန်အပြောင်းအလဲများကြောင့် နှစ်စဉ်အရည်ပျော်မှုနှုန်း ပိုမိုမြင့်တက်လာရာ အမေရိကန်နိုင်ငံအနောက်ပိုင်းဒေသအများအပြားအတွက် ရေအရင်းအမြစ်များရရှိနိုင်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း အမေရိကန်ဘူမိဗေဒသိပ္ပံပညာရှင်များ၏ လေ့လာချက်သစ်တွင် ဖော်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❑

ယနေ့ သတင်းအညွှန်း

ရေကူးအသံလွှင့်စက်ရုံအား အသေးစိတ် ပြုပြင်ထိန်းသိမ်းရန် မှာကြား (သတင်း)စာမျက်နှာ-၃

ပညာတတ်ရုံသာမက စာရိတ္တကောင်းမွန်သူများဖြစ်အောင် သင်ကြားပေး (သတင်း)စာမျက်နှာ-၇

နီပေါတွင် မြေမြှုပ်မိုင်း ကင်းစင် (သတင်း)စာမျက်နှာ-၄

တွမ်ခရစ် One Shop ဇာတ်ကားတွင် သရုပ်ဆောင်ရန် ဆွေးနွေး (သတင်း)စာမျက်နှာ-၅

စီရော်နယ်ဒို မန်စီးတီးသို့ မပြောင်းပါ (သတင်း)စာမျက်နှာ-၁၀